တဲ့ Message တွေကို ဒီအတိုင်းမပေးဘဲ ဇာတ်လမ်းဇာတ်ကွက်လေးနဲ့ ပေးတာကို ဆိုလိုတာပါ။ ဒီတော့ စာဖတ်သူတွေလည်း ကျွန်တော့်လို အထင်လွဲမိတာ မဖြစ်ရအောင် အခုကတည်းက ကြိုအသိပေးပါရစေ။ ဒီစာအုပ်ထဲက ဇာတ်လမ်းဟာ ဖြစ်ရပ်မှန် မဟုတ်ပါဘူး။ စာရေးသူက သူပေးချင်တဲ့ Message ကို ဇာတ်လမ်းလေးနဲ့ ပေးထားတာ ဖြစ်ပါတယ်။ များသောအားဖြင့် စိတ်အားတက်ကြွဖွယ် စာပေတွေ ရေးတဲ့သူတွေဟာ သူတို့ပြောချင်တဲ့အချက်၊ သူတို့ရဲ့ အတွေ့အကြုံတွေကို တိုက်ရိုက်ပြောကြတာ များပါတယ်။ ဒါပေမဲ့ ရော်ဘင်ရှာမာကတော့ အဲဒီထဲကခွဲထွက်ပြီး ဇာတ်လမ်းသဘောမျိုးလေးနဲ့ သူ့ဘဝအတွေ့အကြုံ၊ သူ့ရဲ့အသိပညာတွေကို ဝေမျှခဲ့ပါတယ်။ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်း မဟုတ်မှန်း သိသွားလို့ အစပိုင်းမှာ စိတ်ပျက်မိခဲ့ပေမဲ့ စာအုပ်လေးကို ပြီးတဲ့အထိ ကျွန်တော် ဆက်ဖတ်ခဲ့ပါတယ်။ အဲဒီလို ဖတ်မိခဲ့တဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ဒီစာအုပ်လေးထဲမှာ ကျွန်တော့်အတွက် အသုံးဝင်တဲ့ အသိပညာများစွာ ပါဝင်နေခဲ့ပါတယ်။ ဒီစာအုပ်လေးကို အပြီးအထိ ဖတ်ပြီးချိန်မှာတော့ ကျွန်တော် ဘာသာပြန်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီစာအုပ်လေးထဲမှာ အဓိက ဇာတ်ကောင်က ၂ ယောက်ပဲ ရှိပါတယ်။ ဂျူလီယန်မန်တဲလ် ဆိုတဲ့ နာမည်ကျော်ရှေ့နေနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် ဂျွန်ဖြစ်ပါတယ်။ ရော်ဘင်ရှာမာဟာ သူပြောချင်တဲ့ အကြောင်းအရာတွေကို ဂျူလီယန်မန်တဲလ်ဆိုတဲ့ ဇာတ်ကောင်ကတစ်ဆင့် စာဖတ်သူတွေကို ပြောပြခဲ့တာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ စာဖတ်သူတွေကို တစ်ခုကြိုတင်ပြီး သတိပေးချင်တာလေးလည်း ရှိပါတယ်။ ဒီစာအုပ်ဟာ စာဖတ်သူတွေ ချီးကျူးတာ ခံခဲ့ရသလို ဝေဖန်တာလည်း ခံခဲ့ရတဲ့စာအုပ်လည်း ဖြစ်ပါတယ်။ ချီးကျူးခံခဲ့ရတာကတော့ ဒီစာအုပ်ထဲမှာပါဝင်နေတဲ့ အဖိုးတန် အသိတရားတွေကြောင့် ဖြစ်ပါတယ်။ ဒီစာအုပ်ထဲက အသိတရားတွေမှာ **'The Secret'** , **'Think and Grow Rich'** စတဲ့ နာမည်ကျော်စာအုပ်တွေထဲက အသိပညာတွေလည်း ပါဝင်နေပါတယ်။ အနှစ်တွေချည်းပဲ စုထားတဲ့ စာအုပ်လို့တောင် ပြောလို့ရပါတယ်။ အဝေဖန်ခံခဲ့ရတာကတော့ ရော်ဘင်ရှာမာရဲ့ ရသစာပေ အရေးအသား ဖြစ်ပါတယ်။ ရော်ဘင်ရှာမာဟာ ခေါင်းဆောင်မှုပညာကို သင်ကြားပေးတဲ့ နေရာမှာ နာမည်ကျော်တစ်ဦးဖြစ်ပြီး Motivational Speaker တစ်ဦးလည်း ဖြစ်ပါတယ်။ သူက ရသစာပေတွေ အဓိက ရေးခဲ့သူလည်း မဟုတ်ပါဘူး။ ဒီတော့ ဒီစာအုပ်ကို ရေးတဲ့နေရာမှာ သူ့ရဲ့ ရသစာပေ အရေးအသားဟာ လိုအပ်ချက်တွေ ရှိခဲ့ပါတယ်။ ဒီအတွက် စာဖတ်သူ အချို့က ဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အစပိုင်းမှာ ဖတ်ရတာ သိပ်ပြီး သဘောမကျမိတဲ့ အရေးအသားတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီစာအုပ်ကပေးတဲ့ အသိတရားတွေနဲ့ ယှဉ်လိုက်ရင်တော့ အဲဒီအချက်ဟာ ထည့်ပြောစရာတောင် မလိုတော့ပါဘူး။ စာဖတ်ပရိသတ်တွေ ဖတ်ရတာ အဆင်ပြေအောင် အတတ်နိုင်ဆုံး ကျွန်တော် ကြိုးစားထားပါတယ်။ ဘာသာပြန်တဲ့နေရာမှာ တစ်ချက်မကျန်တူအောင် တိုက်ရိုက်ဘာသာပြန်ထားတာ မဟုတ်ပါဘူး။ စာဖတ်ပရိသတ်တွေ နားလည်လွယ်အောင် အဓိကထားပြီး ဘာသာပြန်ထားပါတယ်။ လိုအပ်ချက် တစ်စုံတစ်ရာရှိခဲ့ရင် ကျွန်တော့်ရဲ့ လိုအပ်ချက်သာ ဖြစ်ပါတယ်။

ဒီစာအုပ်ရဲ့ အားသာချက်တစ်ခုက စာဖတ်သူ မေးချင်လာမယ့် မေးခွန်းတွေကို စာဖတ်သူအစား ဇာတ်ကောင်တစ်ယောက်ဖြစ်တဲ့ ဂျွန်က အမြဲမေးပေးထားတဲ့ အချက်ဖြစ်ပါတယ်။ ဂျူလီယန် ပြောတဲ့ အချက်တွေမှာ နည်းနည်းနားရှုပ်သွားတိုင်း ဂျွန်က မေးပေးထားပါတယ်။ ဂျူလီယန်ကလည်း ဂျွန် နားလည်အောင် အမြဲတမ်း ပြန်ရှင်းပြထားပါတယ်။ ဒီတော့ စာဖတ်သူတွေရဲ့ မေးခွန်းကိုလည်း ဖြေပြီးရာရောက်ပါတယ်။ ဒီစာအုပ်မှာ အခန်း ၁၃ ခန်း ပါဝင်ပြီး စာအုပ်တစ်အုပ်လုံးကို အဓိကအားဖြင့် (၂) ပိုင်း ခွဲလို့ရပါတယ်။ အခန်း (၁) ကနေ အခန်း (၆) အထိက ဇာတ်လမ်းဆင်တဲ့အပိုင်း ဖြစ်ပါတယ်။ စာရေးသူပြောပြချင်တဲ့ အဓိက Message တွေကတော့ အခန်း (၇) ကနေ အခန်း (၁၃) အတွင်းမှာ ပါဝင်နေပါတယ်။ ပထမပိုင်းပဲ ဖတ်ပြီး စာအုပ်ရဲ့ တန်ဖိုးကို မဆုံးဖြတ်စေချင်လို့ ကြိုပြောရခြင်း ဖြစ်ပါတယ်။ တစ်အုပ်လုံး ပြီးအောင်ဖတ်ပြီးမှ ဆုံးဖြတ်စေချင်ပါတယ်။ ဒီစာအုပ်ထဲက နည်းလမ်းတွေမှာ လိုက်နာကျင့်သုံးဖို့ နည်းနည်းခက်ခဲမယ့် နည်းလမ်းအနည်းငယ်ပါပေမဲ့ အများစုက လိုက်နာကျင့်သုံးဖို့ လွယ်ကူတဲ့နည်းလမ်းတွေ ဖြစ်ပါတယ်။ တကယ်လည်း ဘဝအတွက် အသုံးဝင်တဲ့နည်းလမ်းတွေ ဖြစ်ပါတယ်။ ဒီစာအုပ်လေးကရတဲ့ အသိပညာတွေနဲ့ ပိုမိုပျော်ရွှင်တဲ့ ဘဝလေးတစ်ခု တည်ဆောက်နိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်။

**မိုးရှင်း (I.M.T)**